
လှုဒွေး
(စကျု)
နတ်မိမယ်လား
သူယောင်လား

# နတ်မိမယ်လား သူယောင်လား
## (အပိုင်း ၁)

မြိုင်မဟာတောနက်ကြီး အတွင်းပိုင်းသို့ နယ်ကျွံမှန်းမသိ ကျွံလာချေပြီ။ နေ့စဉ် ရက်ဆက်ပြီး မနားတမ်း ရှာသွန်းနေတဲ့ မိုးများ နှင့် အတူ သွေးစုပ်ရန် အလို့ ငှာ ဝိုင်းအုံကိုက်ခဲ တွယ်ကပ်နေသော ကျွတ်တွေ မှက်ခြင်တွေကြောင့် ကျွန်ုပ်တို့ နှင့် အတူ လိုက်ပါလာသော မစ္စတာ ကျုံကျောင်းနီ၏ မျက်နှာမှာ တွန့်လိမ်ရှုံ့တွ လာပါတော့သည် ။ ဒီတောနက်ကြီး အတွင်းပိုင်းထဲထိ ရောက်အောင် အဖွဲ့ကွဲပြီး လမ်းမှားလာသည် မှာ ၂ ရက် ၂ ညတိုင်တိုင် ရှိခဲ့လေပြီ တောတောင်တို့ ၏ မာယာ တောတောင်တို့ ၏ ပဟေဠိထဲမှာ ကျွန်ုပ်နိုင်လင်းရယ် သူငယ်ချင်း အိုက်ခမ်းရယ် ကျုံကျောင်းနီရယ် မည်သို့မည်ပုံ ဆက်လက် ရှင်သန်ကြမည်နည်း။

***

ရေနံရှာဖွေရေး အဖွဲ့တွေထဲမှာ ကျွန်ုပ်တို့ အဖွဲ့က G6 နှစ်ယောက်တစ်တွဲ တွဲပြီးအလုပ် လုပ်ကြတော့ ကျွန်ုပ်နဲ့ ရှမ်းတိုင်းရင်းသား အိုက်ခမ်းက အသက်အငယ်ဆုံးအတွဲ တဇွတ်ထိုး တဇောက်ကန်း အလုပ်ဆုံး

အတွဲ ဒီအတွဲကိုမှ မစွတာ ကျုံကျင်းနီက သဘောကျ နှစ်ခြိုက်ကာ ကေဘယ်ကြိုးတွေ ခင်းရန် သက်ဆိုင်ရာ ပွိုင့်တွေဆီကို ထွက်ခွာကြမဲ့ ကျွန်ုပ်တို့ နှင့် လေ့လာရေး လိုက်ခဲ့ခြင်းပင် ဖြစ်ပေတော့သည် ။

ပြသနာက ပွိုင့်တောင်ကုန်းပေါ်ကနေ ကေဘယ်ခင်းပြီး အပြန်တွင်ဖြစ်သည် တောင်အောက် စမ်းချောင်းထဲတွင် မျောက်လွဲကျော်ကြီးများ ရေကစားနေသည် ကျောက်တုံး ကျောက်ဖျာတွေ သဘာဝ ပန်းမာန်တွေနဲ့ ဆိုတော့ လူတစ်ရပ်နီးပါးခန့် မျောက်ကြီးများ ရေချိုးနေကြသည် ကိုချောင်းမြောင်း ကြည့်ရသည် မှာ အင်မတန်မှ သဘော တွေ့နေမိတော့သည် ။ ထို့သို့ ရှိနေကြစဉ် အိုက်ခမ်း၏ အမူအရာ ထူးခြား လာလေသည် တစ်နေရာကို တွေတွေငေးငေး ဖြစ်လာသည် မျက်တောင်ပင် မခတ်တော့ချေ။ ထို့ကြောင့် သူ့အား စိုးရိမ်ကြီးစွာဖြင့် ဆွဲရမ်းလှုပ်ခါ နှိုးရပါတော့သည် ။

"ဟေ့ အိုက်ခမ်း မင်းဘာဖြစ်တာလဲ အိုက်ခမ်းရေ မင်းဘာဖြစ်နေတာလဲဟ"

အိုက်ခမ်းကားကြောင့် စီစီမျက်လုံးများ ဖြင့် ပြူးစိုက် ကြည့်နေချေပြီ ။ ဒါဟာ သွေးရိုးသားရိုးတော့ မဖြစ်တန်ဘူး ဘေးဘီ ချုံနွယ်တွေထဲမှာ ရှာဖွေတော့မှ အားပါးပါး နည်းနည်းနောနော အကောင်ကြီးလား မျက်လုံးစိမ်းဖန့်စွာဖြင့် အိုက်ခမ်းအား ညို့ငင်နေသော စပါးအုံး မြွေကြီးတစ်ကောင် ... ကျောတွင် လွယ်ပိုးထားသော ငှက်ကြီးတောင်ဓားဖြင့် အိုက်ခမ်းအား ဝိုင်းပတ်၍ စက်ဝိုင်းပုံသဏ္ဍာန် မြေကြီးပေါ်တွင် ဓားဦးဖြင့် ဆွဲခြစ် လိုက်လေသည် ။ ထိုအခါမှ အိုက်ခမ်း သတိပြန်ရလာပါသည် ။ ဤအဖြစ်အပျက်ကို တွေ့မြင်ပြီး သကာလ ကျုံကျင်းနီလည်း ကြောက်လန့်နေလေပြီ အမှန်ဆိုရင် သူက ကုမ္ပဏီမှ အရာရှိပါ စခန်းတွင် နေထို

င်ပြီး ညွှန်ကြားခိုင်းစေရုံပင် ဤသို့ လိုက်မလာသင့်ပါပေ။ ကျွန်ုပ်တို့ ၃ ယောက်သား ထိုနေရာ ပြေးထွက် လာခဲ့ကြသည် ။ ဖြစ်ချင်တော့ ထိုနေရာမှ စ၍ လမ်းမှားပြီး မျက်စိလည်ခဲ့ ပါတော့သည် ။

***